**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ( ၆ / ၂၀၁၈ )**

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၁-၈-၂၀၁၈ ရက်နေ့မှစ၍ ယခင်အသုံးပြုနေသော ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို ဖျက်သိမ်းပြီး ဥပဒေအသစ်ဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ဖြင့် ပြောင်းလဲကျင့်သုံးလျှက်ရှိသည့်အပြင် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင်လည်း Myanmar Companies Online-MyCO စနစ်အား စတင်အသုံးပြုလျှက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား လိုက်လျောညီထွေဖြစ်အောင်ပြင်ဆင်ပြီး နိုင်ငံတော်သို့ပေးသွင်းရမည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း နှင့်သက်ဆိုင်သည့် အချို့သော အခကြေးငွေများကိုလည်း အခြေအနေနှင့် လျော်ညီစွာ သတ်မှတ်ကောက်ခံနိုင်ရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ပူးတွဲပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုမူဝါဒဌာနခွဲ
## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မှတ်ပုံတင်ရမည့်သူများ**

၁။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သည် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုထားသည့် လုပ်ငန်းမှတ်ပုံတင်တစ်ခု ဖြစ်ပါသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို ၁၉၄၇ ခုနှစ်၊ ပို့ကုန်သွင်းကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေအရ ၁၉၅၄ ခုနှစ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်း လုပ်ကိုင်သူများ မှတ်ပုံတင်ခြင်း အမိန့်ဖြင့် ခွင့်ပြုထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်ရန် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနတွင် လျှောက်ထားနိုင်သည်-

(က) ၁၉၁၄ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇) တို့အရ မှတ်ပုံတင်ထားသော-

(၁) မြန်မာနိုင်ငံသားတစ်ဦးပိုင် (သို့မဟုတ်)အများပိုင်ကုမ္ပဏီများ

(၂) နိုင်ငံခြားသားပိုင်ကုမ္ပဏီ (သို့မဟုတ်)ကုမ္ပဏီရုံးခွဲများ

(၃) ဖက်စပ်ကုမ္ပဏီများ

(ခ) သမဝါယမအသင်းဥပဒေအရ တည်ထောင်ထားသော သမဝါယမအသင်း လီမိတက်များ

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိသူများ**

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၁-၁-၁၉၉၁) ရက်စွဲပါ အမိန့်အမှတ် (၁/၉၁) အရ အောက်ဖော်ပြပါ အဖွဲ့အစည်းများအား ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါသည်-

(က) အစိုးရဌာနများ၊

(ခ) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၊

(ဂ) ဥပဒေအရ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင်ဘဏ်များ၊

(ဃ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊

(င) နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊

(စ) မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိထားသူများ၏ အကျိုးခံစားခွင့်များ**

၄။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် ရရှိထားသူများသည် အောက်ပါ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်-

(က) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရရှိထားသူများသည် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ တစ်ဆင့်ပုံမှန်ကုန်သွယ်မှု (Conventional Trade) စနစ်ဖြင့်သော်လည်းကောင်း ၊ နယ်စပ်ဒေသများမှ တစ်ဆင့် (Border Trade) စနစ်ဖြင့်သော်လည်းကောင်း သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) နိုင်ငံတော်မှ အခါအားလျော်စွာ ပိတ်ပင်ထားသော ပစ္စည်းများမှအပ ကျန်သည့် ပစ္စည်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ တင်ပို့ရောင်းချခွင့်ရှိသည်။

(ဂ) ပြည်ပမှ တင်သွင်းခွင့်မပြုရန် အခါအားလျော်စွာ သတ်မှတ်ထားသည့် ပစ္စည်းများမှ အပ ကျန်ပစ္စည်းများကို ပြည်ပသို့ပို့ကုန်များ တင်ပို့ရောင်းချခြင်းဖြင့် ရရှိသည့် နိုင်ငံခြားငွေဖြင့် ဖြစ်စေ ၊ အခြား တရားဝင်ရရှိပြီး သတ်မှတ်သည့် အခွန်အခများ ပေးဆောင်ပြီးသည့်ငွေဖြင့် ဖြစ်စေ၊ နယ်စပ်ကုန်သွယ်မှုအတွက် နယ်စပ်စခန်းတိုင်းတွင် သတ်မှတ်ထားသည့် ငွေကြေးအမျိုးအစားဖြင့် ဖြစ်စေ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွင်းကုန်များ တင်သွင်းခွင့်ရှိသည်။

(ဃ) ပြည်ပမှ တင်သွင်းသောပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ သီးခြားကန့်သတ်ထားသော ကုန်ပစ္စည်းများအား သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်ပစ္စည်းများကို ပြည်တွင်း၌ ကြိုက်နှစ်သက်ရာ အစီအစဉ် ဖြင့် ဖြန့်ဖြူးရောင်းချခွင့်ရှိသည်။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် (၄) ရပ်**

၅။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် (၄) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မှတ်ပုံတင်အသစ်လျှောက်ထားခြင်း။

( ခ ) သက်တမ်းတိုးလျှောက်ထားခြင်း။

( ဂ ) ပြင်ဆင်ချက်လျှောက်ထားခြင်း။

(ဃ) မိတ္တူမှန်လျှောက်ထားခြင်း။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခွင့်လျှောက်ထားနိုင်သောနေရာများ**

၆။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား အောက်ဖော်ပြပါနေရာများတွင် လာရောက်လျှောက်ထားနိုင်ပါသည် -

(က) နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊

( ခ ) ရန်ကုန်မြို့၊ ကမ်းနားလမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးရုံးခွဲ၊

( ဂ ) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းအဖွဲ့ရုံး (One Stop Services) (MIC ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီများသာ)

(ဃ) ရန်ကုန်မြို့၊ သီလဝါအထူးစီးပွားရေးဇုန် (One Stop Service Center) (သီလဝါအထူးစီးပွားရေးဇုန်တွင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်သောကုမ္ပဏီ များသာ)

**Online ဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်များ**

၇။ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Online ကြေးပေးသွင်းခြင်း | ၂၅၀၀ | ကျပ် |
| ( ခ ) | မှတ်ပုံတင်ကတ်ပြားဘိုးငွေပေးသွင်းခြင်း | ၅၀၀ | ကျပ် |
| | **စုစုပေါင်း** | **၃၀၀၀** | **ကျပ်** |

**ကုမ္ပဏီများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၈။ ကုမ္ပဏီများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ Online စနစ်ဖြင့် ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင်လက်မှတ် (အများပိုင်ကုမ္ပဏီများအတွက် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်အပါအဝင်)နှင့် ကုမ္ပဏီမှတ်တမ်းအကျဉ်းချုပ်တို့အား Print Out ထုတ်ထားသည့် မိတ္တူအထောက်အထားများ **နောက်ဆက်တွဲ(က)**

(ဂ) ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ပတ်စပို့ဓာတ်ပုံနှင့် လက်မှတ်နမူနာတို့ပါဝင်သော ဓာတ်ပုံဇယား **နောက်ဆက်တွဲ(ခ)**

(ဃ) MIC ခွင့်ပြုမိန့်(MIC ခွင့်ပြုချက်ဖြင့်လျှောက်ထားသောကုမ္ပဏီများသာ)

(င) လျှောက်ထားသူ MD/Director ၏နိုင်ငံသားစိစစ်ရေးကတ်/ PASSPORT မိတ္တူ၊

(စ) အခြားနိုင်ငံတစ်ခုမှလွှဲပို့သည့် Capital Brought In,Bank အထောက်အထား (ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီများအတွက်သာ) (မူရင်း၊ မိတ္တူ)

**သမဝါယမအသင်းများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၉။ သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြ ရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အသင်း၏ Phone ၊ Fax ၊ Email တို့ပါရှိသော Letter Head ဖြင့်လျှောက်လွှာ

(ခ) သမဝါ ယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ

(ဂ) သမဝါယမအသင်း မှတ်ပုံတင်လက်မှတ် (မိတ္တူ/မူရင်း)

(ဃ) သမဝါယမအသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း

(င) သမဝါယမအသင်းဒါရိုက်တာအဖွဲ့ဝင်များ၏ ဓာတ်ပုံဇယား

(စ) သမဝါယမအသင်းစည်းကမ်းစာအုပ်

(ဆ) လျှောက်ထားသူ အမှုဆောင်၏နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

**မှတ်ပုံတင်သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေး**

၁၀။ ကုမ္ပဏီများအတွက် မှတ်ပုံတင်သက်တမ်းကာလမှာ သာမန်အားဖြင့် (၅)နှစ်ဖြစ်ပြီး မှတ်ပုံတင်ကြေးမှာ ၂၀၀၀၀၀ ကျပ် ဖြစ်ပါသည်။

၁၁။ သမဝါယမအသင်းများအတွက်မှတ်ပုံတင်သက်တမ်းကာလနှင့်မှတ်ပုံတင်ကြေးတို့မှာအောက်ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| (ခ) | (၁) နှစ် အထိ | ၅၀၀၀၀ ကျပ် |
| (ဂ) | (၂) နှစ် အထိ | ၁၀၀၀၀၀ ကျပ် |
| (ဃ) | (၃) နှစ် အထိ | ၁၅၀၀၀၀ ကျပ် |
| (င) | (၃) နှစ်မှ (၅)နှစ်အထိ | ၂၀၀၀၀၀ ကျပ် |

၁၂။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းအား စတင်ခွင့်ပြုသည့်နေ့မှ သက်တမ်း (၅) နှစ်အထိတစ်ဆက်တည်းသတ်မှတ်ခွင့်ပြုပါသည်။သို့ရာတွင်သမဝါယမအသင်းများကိုမူ သက်ဆိုင်ရာဌာနမှခွင့်ပြုသည့် သက်တမ်းသည် (၅)နှစ် အောက်ဖြစ်ပါက ယင်းသက်တမ်းအတိုင်း ခွင့်ပြုပြီး ၅ နှစ်အထက်ဖြစ်ပါက ၅ နှစ်သာခွင့်ပြုပါမည်။

**မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခွင့်လျှောက်ထားရမည့်ကာလ**

၁၃။ မိမိမှတ်ပုံတင်ထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့မတိုင်မီ (၃)လ ကြိုတင်၍ လျှောက်ထားနိုင်ပါသည်။

၁၄။ ထိုသို့လျှောက်ထားရာတွင် သမဝါယမအသင်းများအတွက် သမဝါယမဦးစီးဌာနတွင် သက်တမ်းတိုးခွင့် ဦးစွာဆောင်ရွက်ပြီးမှသာ လျှောက်ထားရပါမည်။

**မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခွင့်လျှောက်ထားခြင်း**

၁၅။ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ရက်နှင့် ယင်းရက်မတိုင်မီ ကြိုတင်လျှောက်ထားခြင်းကို သတ်မှတ်သက်တမ်းတိုးမြှင့်ကြေးများ ပေးဆောင်စေပြီး သက်တမ်းကုန်ဆုံးရက်၏ နောက်တစ်ရက်မှစ၍ ၅ နှစ် ထပ်မံသက်တမ်းတိုးမြှင့်ခွင့်ပြုပါသည်။သက်တမ်းကုန်ဆုံးပြီးတစ်နှစ်အတွင်း လျှောက်ထားမှုများ

အတွက်ကိုလည်း သတ်မှတ်သက်တမ်းတိုးမြှင့်ကြေးများ ပေးဆောင်စေပြီး သက်တမ်းကုန်ဆုံးခဲ့သည့် ရက်၏ နောက်တစ်ရက်မှ စတင်၍ ၅ နှစ် ထပ်မံသက်တမ်းတိုးမြှင့်ခွင့်ပြုမည်ဖြစ်ပါသည်။သက်တမ်းကုန်ဆုံးပြီး တစ်နှစ်အတွင်းသက်တမ်းတိုးလာရောက်လျှောက်ထားခြင်းမပြုသော ကုမ္ပဏီများကိုမူ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပိတ်သိမ်းပယ်ဖျက်သွားမည်ဖြစ်ပါသည်။

**ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၁၆။ ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင်တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) ယခင်ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (မူရင်း)

(ဂ) လျှောက်ထားသူ MD/Director ၏နိုင်ငံသားစိစစ်ရေးကတ်/ PASSPORT မိတ္တူ၊

**သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၁၇။ သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင် တင်ပြရမည့်စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အသင်း၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ

(ဂ) သမဝါယမအသင်း မှတ်ပုံတင်လက်မှတ် (မိတ္တူ/မူရင်း)

(ဃ) ယခင်ထုတ်ပေးထားသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (မူရင်း)

(င) လျှောက်ထားသူ အမှုဆောင်၏နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြင်ဆင်ခြင်းနှင့်ပြင်ဆင်ကြေးများ**

၁၈။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပါ အောက်ပါအချက်များအား ပြင်ဆင်ချက်တစ်မျိုးလျှင် ပြင်ဆင်ကြေး ၁၀၀၀၀ ကျပ် ပေးသွင်း၍ ပြင်ဆင်ဆောင်ရွက်နိုင်ပါသည်-

(က) ဒါရိုက်တာအဖွဲ့ အမည်စာရင်း ပြင်ဆင်ခြင်း၊

(ခ) ကုမ္ပဏီ/သမဝါယမအသင်း ရုံးလိပ်စာ ပြင်ဆင်ခြင်း၊

(ဂ) ကုမ္ပဏီ/သမဝါယမအသင်း အမည် ပြင်ဆင်ခြင်း၊

**ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပြင်ဆင်ချက်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၁၉။ ကုမ္ပဏီများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ပြင်ဆင်ချက်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ပါ လျှောက်လွှာ

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ Online စနစ်ဖြင့် ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ကုမ္ပဏီမှတ်တမ်းအကျဉ်းချုပ်တို့အား Print Out ထုတ်ထားသည့် မိတ္တူအထောက်အထားများ

(ဂ) ယခင်ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(မူရင်း)

(ဃ) လျှောက်ထားသူ MD/Director ၏နိုင်ငံသားစိစစ်ရေးကတ်/ PASSPORT မိတ္တူ၊

**သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြင်ဆင်ချက်လျှောက်ထားရာတွင်တင်ပြရမည့် စာရွက်စာတမ်းများ**

၂၀။ သမဝါ ယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြင်ဆင်ချက်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အသင်း၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ

(ဂ) သမဝါယမအသင်း မှတ်ပုံတင်လက်မှတ် (မိတ္တူ/မူရင်း)

(ဃ) ယခင်ထုတ်ပေးထားသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (မူရင်း)

(င) လျှောက်ထားသူ အမှုဆောင်၏နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်မိတ္တူမှန်ထပ်မံထုတ်ပေးခြင်း**

၂၁။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်ကတ်ပြားများ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပျောက်ဆုံးသွားလျှင် မိတ္တူမှန်ထပ်မံထုတ်ပေးရန် ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားခွင့်ရှိပါသည်။ဆောင်ရွက်မှုအခကြေးငွေအဖြစ် ငွေ ၂၀၀၀၀ ကျပ်ပေးဆောင်စေပြီး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်မိတ္တူမှန်များထုတ်ပေးမည်ဖြစ်ပါသည်။ ကုမ္ပဏီများနှင့် သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မိတ္တူမှန်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည် -

(က) ကုမ္ပဏီ/သမဝါယမအသင်းများ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) ပျောက်ဆုံးသွားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (မိတ္တူ)

(ဂ) ပျောက်ဆုံးကြောင်း သတင်းစာကြော်ငြာ (မူရင်း)

(ဃ) ပျောက်ဆုံးမှုအတွက် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက် (မူရင်း)

(င) လျှောက်ထားသူMD/Director/အမှုဆောင်၏နိုင်ငံသားစိစစ်ရေးကတ်/PASSPORT မိတ္တူ၊

**ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပြန်လည်အပ်နှံခြင်း၊ ပိတ်သိမ်းခြင်းနှင့် ကိုယ်စားလှယ်ကတ်ထုတ်ပေးခြင်း**

၂၂။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပြန်လည်အပ်နှံခြင်း။** လုပ်ငန်းရှင်သည် လုပ်ငန်းဆက်လက်မဆောင်ရွက်လိုသဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံလိုက အပ်နှံနိုင်ပါသည်။

၂၃။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်း။** တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို ဖောက်ဖျက်၍ စီးပွားရေးမသမာမှု များဆောင်ရွက်မှုကြောင့်ဖျက်သိမ်းအရေးယူခံရသည့် ကုမ္ပဏီများနှင့် အမည်မဲစာရင်း (Black List) တင်သွင်းခံရသည့် ကုမ္ပဏီများ၏မှတ်ပုံတင်များအား အပြီးတိုင် ပိတ်သိမ်းခြင်းခံရမည်ဖြစ်ပါသည်။

၂၄။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်များထုတ်ပေးခြင်း။** ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာရုံးကိစ္စအဝဝကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်မှတ်ပုံတင်ကတ် (၂)ခု ပြုလုပ်ပေးလျှက်ရှိရာမှ (၅-၁-၂၀၁၅) ရက်နေ့ကျင်းပပြုလုပ်သော စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီ ၁/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီတစ်ခုလျှင် လုပ်ငန်းရှင်စိစစ်ရေးကတ် အများဆုံး ၅ ခုထိ ခွင့်ပြုထုတ်ပေးပြီး ပထမကတ်-၁၀၀၀ဝိ/၊ ဒုတိယကတ်-၂၀၀၀ဝိ/ ၊ တတိယကတ် ၃၀၀၀ဝိ/၊ စတုတ္ထကတ်-၄၀၀၀ဝိ/၊ ပဥ္စမကတ်-၅၀၀၀ဝိ/ ဖြင့်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

နောက်ဆက်တွဲ(က)

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

Certificate of Incorporation

ပန်းဆိုင် လီမိတက်

Flower Mart Ltd

ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၂၃၄၅၆၇၈၉

Company Registration No. 123456789

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ပန်းဆိုင်လီမိတက်အား ၂၀၁၈ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အစုရှယ်ယာဖြင့်တာဝန်ကန့်သတ်ထားသောအများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ်မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

This is to certify that Flower Mart Ltd was incorporated under the Myanmar Companies Law 2017 on 1st August 2018 as a Public Company Limited by Shares.

ကုမ္ပဏီများမှတ်ပုံတင်အရာရှိ

Registrar of Companies

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Directorate of Investment and Company Administration

ယခင်ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၆၃ အက်ဖ်စီ/၂၀၁၆-၂၀၁၇(ရကန)

Former Registration No. 563FC/2016-2017(YGN)

# ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
# နမူနာပုံစံ

- လုံခြုံရေးစနစ်နှင့် ပုံစံ
- အကြောင်းအရာပါဝင်မှု
- Unique ID
- မြန်မာ၊ အင်္ဂလိပ်
- လက်မှတ် (အီလက်ထရောနစ်နည်း)

# ကုမ္ပဏီမှတ်တမ်း အကျဉ်းချုပ်

DICA DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION

**Myanmar Companies Registry – Company Extract**

| Company Name (English) | Company Name (Myanmar) |
|---|---|
| Flower Mart LTD | ပန်းဆိုင် |

**Company Information**

| Registration Number | Registration Date | Status |
|---|---|---|
| 9021239812 | 01/10/2010 | REGISTERED |
| **Company Type** | **Foreign Company** | **Small Company** |
| PUBLIC COMPANY LIMITED BY SHARES | NO | NO |
| **Principle Activity** | **Date of Last Annual Return** | |
| 46 - Wholesale trade, except of motor vehicles and motorcycles<br>47 - Retail trade, except of motor vehicles and motorcycles | 05/03/2018 | |

**Addresses**

| | |
|---|---|
| Registered office address: | 192 KABA AYE PAGODA ROAD<br>TOWNSHIP<br>YANGON, MYANMAR 11201 |
| Principle place of business in the Union: | 223 SULE PAGODA ROAD<br>YANGON, MYANMAR 11182 |

**Officers / Authorised Representative(s)**

| | | | |
|---|---|---|---|
| Name: | Aung Win | Type: | Director |
| Date of Appointment: | 10/10/2010 | Date of Birth: | 11/11/1965 |
| Nationality: | Myanmar | N.R.C: | 12/TAMANA(NAING)035269 |
| Gender: | Female | Business Occupation: | Accountant |
| Name: | Than Soe Thu | Type: | Director |
| Date of Appointment: | 10/10/2010 | Date of Birth: | 12/12/1960 |
| Nationality: | China | N.R.C: | |
| Gender: | Male | Business Occupation: | Attorney |
| Name: | Steve Smith | Type: | Secretary |
| Date of Appointment: | 10/10/2010 | Date of Birth: | 12/12/1960 |
| Nationality: | China | N.R.C: | |
| Gender: | Male | Business Occupation: | Attorney |

Page 1 of 3

EXTRACT GENERATED ON 10/4/2018 AT 10:32AM.

- ကုမ္ပဏီ အခြေအနေ (Status)
- ကုမ္ပဏီအမျိုးအစား
- နိုင်ငံခြားကုမ္ပဏီ ?
- ကုမ္ပဏီရုံးခန်းလိပ်စာ
- ဒါရိုက်တာများလိပ်စာ
- ISIC/ MSIC 2 Digit

နောက်ဆက်တွဲ (ခ)

Company Name ---------------------------------------

Registration No -------------------------------------

List of Board of Directors and Specimen Signature

| No | Name | Post | Address | Photo | Signature |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |